ခြူးရွေကျေးရွာ
ဟိုပန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ခြူးရွေကျေးရွာ၊ ဟိုပန်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
၁။	စကားချီး	၃
၂။	ကျေးရွာ သယံဇာတပြန်လည်ပုံ၊	၄
၃။	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
၄။	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၈
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၉
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၇။	ပညာရေး	၁၀
၈။	ကျန်းမာရေး	၁၀
၉။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၁
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၁
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၁
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၁
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၅
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၆
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက် အလက်ရရှိနိုင်သောနေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကို လည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဓာတ်စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။


ဖေဖော်ဝါရီလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ခြံုးရွေကျေးရွာ
ဟိုပန်မြို့နယ်


ဟိုပန်မြို့နယ်၊ ခြူးရွေကျေးရွာ သယံဇာတပြမြေပုံ



ဟိုပန်မြို့နယ်၊ ခြူးရွေကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



ဟိုပန်မြို့နယ်၊ ခြူးရွေကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများဆက်စပ်မှုပြပုံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ခြူးရွေကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ဖာလင်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ဟိုပန်မြို့၏အရှေ့တောင်ဘက်(၁၁/၀)မိုင်အကွာတွင်တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်နှင့်အနောက်ဘက်တွင် သစ်တောများ၊ တောင်ဘက်တွင် ဖာလင်(ဈေးတန်း)ကျေးရွာနှင့် မြောက်ဘက်တွင် စင်ကျိုင်း(အထက်) ကျေးရွာတို့တည်ရှိပါသည်။ ကျေးရွာတွင် '၀'လူမျိုးနှင့် ကိုးကန့်လူမျိုးအများစုနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ ပူအိုက်စွက်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျဉ်ခြံမြေ (၈) ဧက၊ မြေလွတ်မြေလပ်(၀.၅)ဧက၊ လယ်မြေ(၅၆.၅)ဧကနှင့် ယာမြေ/တောင်ယာမြေ(၁၀၈.၅)ဧကရှိပါသည်။ များသောအားဖြင့် မေလတွင် မိုးစတင်ပြီး အောက်တိုဘာလတွင် မိုးကုန်ပါသည်။ ဇူလှိုင်လတွင် မိုးအများဆုံးရွာသွန်း ပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံးပျမ်းမျှ (၀.၂၄ မှ ၁၄.၄၇) လက်မရွာသွန်းပါသည်။ ပျမ်းမျှအမြင့်ဆုံးအပူချိန်(၃၉.၀၀) ဒီဂရီစင်တီဂရိတ်အနိမ့်ဆုံးအပူချိန်(၂၆.၀၀) ဒီဂရီစင်တီဂရိတ်ရှိပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ (၆၀)၊ လူဦးရေပေါင်း (၃၀၀) ဦးရှိပြီး '၀'လူမျိုးနှင့် ကိုးကန့်လူမျိုးအများဆုံးနေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော တစ်အိမ်ထောင်(၅)ယောက်နှုန်းအထက်တွင်ရှိပါသည်။ ကျေးရွာတွင်နို့စို့အရွယ်ကလေးငယ်စုစုပေါင်း (၉)ဦး (၃%)၊ (၅) နှစ်အောက်ကလေးငယ် (၁၈) ဦး (၆%)၊ မူလတန်းကျောင်းသားအရွယ်(၂၅)ဦး (၈.၃၃%)၊ အလယ်တန်းကျောင်းသားအရွယ် (၃၆) ဦး (၁၂%)၊ သက်ကြီးရွယ်အို (၉) ဦး (၃%)ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေသည် (၂၀၃) ဦး (၆၇.၆၇%) ရှိသည့်အတွက် အလုပ်လုပ်နိုင်သော သူများပြားပါသည်။ ထို့အပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၃.၃၄%)များပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ ရပ်မိ/ရပ်အဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့မှ အချင်းချင်းချိတ်ဆက်၍ ကျေးရွာတွင် သာရေး/နာရေးနှင့် လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များကိုပေါင်းစပ်ဆောင်ရွက်ကြပါသည်။ မိခင်နှင့်ကလေးအဖွဲ့နှင့် ကျေးရွာကျန်းမာရေးစေတနာ၀န်ထမ်းအဖွဲ့များဖွဲ့စည်းထားရှိပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့လည်းရှိပြီး ပညာရေးနှင့်ပတ်သက်သည့် ကျောင်း၏လိုအပ်ချက်၊ ဆရာ/ဆရာမများ၏ လိုအပ်ချက်များအဆင်ပြေချောမွေ့စေရေးကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းသာရှိပြီး ကျေးရွာမှဖွဲ့စည်းထားသော မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကော်မတီထံ ချေးငွေလျှောက်လွှာတင်ကာ ကော်မတီ၏ စိစစ်ဆုံးဖြတ်ချက်ဖြင့် ချေးငွေများထုတ်ချေးပေးနိုင်ရေးဆောင်ရွက်ပေးပါသည်။

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းအဖြစ် NGO ရှိပြီး၊ ကျေးရွာ၏လိုအပ်ချက်များအတွက် ဆောင်ရွက်ပေးခြင်းများရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး အိမ်ထောင်စု (၁)စု မြေယာမဲ့ဖြစ်ပါသည်။ အဓိကအားဖြင့် စပါးနှင့် ပြောင်းကိုအဓိကထားစိုက်ပျိုးကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မိုးရေနှင့် စိမ့်စမ်းရေကိုသာမှီခိုအားထားရသောကြောင့် ရာသီဥတုမမှန်သောနှစ်များတွင် ခက်ခဲပါသည်။ ကျေးရွာအတွင်းရှိ အိမ်ထောင်စု(၁)စုသာ လက်တွန်းထွန်စက်ရှိပြီး၊ အစေ့ချစက်ပိုင်ဆိုင်သည့် အိမ်ထောင်စု(၁)စုရှိပြီး ငှါးရမ်းသုံးစွဲသူအနည်းငယ်သာရှိပါသည်။ ငှါးရမ်းခအစား ဆီထည့်ပေးခြင်းဖြင့်သာ ထွန်စက်အား ငှါးရမ်းသုံးစွဲကြပါသည်။

ကျေးရွာတွင်စိုက်ပျိုးသော သီးနှံများအတွက် မြေဩဇာနှင့်ဆေးဝါးများအား ဟိုပန်မြို့မှဝယ်ယူသုံးစွဲကြပါသည်။ ကျွဲ၊ နွားချေးများအား မြေဩဇာအဖြစ်ပြန်လည်အသုံးပြုကြပါသည်။ ကျေးရွာမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို ကျေးရွာ၌လာရောက်ဝယ်သူများထံရောင်းချခြင်း၊ နီးစပ်ရာကျေးရွာများနှင့် ဟိုပန်မြို့သို့ တင်ပို့ရောင်းချကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းအား တစ်နိုင်တစ်ပိုင်ဆောင်ရွက်သည့် အိမ်ထောင်စုအချို့ရှိပါသည်။ အများအားဖြင့် ကြက်၊ ဝက်မွေးမြူကြပါသည်။ မွေးမြူရေးအတွက် သီးသန့်မျိုးတိရိစ္ဆာန်များဝယ်ယူမွေးမြူခြင်းမရှိဘဲ ဒေသမျိုးများသာ မွေးမြူကြပါသည်။ ကျေးရွာသို့လာရောက်ဝယ်ယူသူများထံတွင် ဈေးနှုန်းသတ်မှတ်ရောင်းချကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှလွဲ၍ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝန်ဆောင်မှုရရှိပြီး အတိုး/အရင်းဆပ် ကာလ (၆) လမှ (၁) နှစ်ထိ၊ အတိုးနှုန်း (၀.၅%)မှ (၁%)ဖြင့် ချေးယူပြီး မိမိစိုက်ပျိုးသည့် လယ်/ယာမြေ

များသီးနှံပေါ်ခြိုန်နှင့် ကိုက်ညီစွာ သတ်မှတ်ကာလအတွင်း ပေးဆပ်ရပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရ ခက်ခဲပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစုမှာ ဆိုင်ကယ်များပိုင်ဆိုင်ကြပါသည်။ အဆင်ပြေသောအိမ်ထောင်စုများတွင် ကားနှင့် ထော်လာကျီ၊ သုံးဘီးများပိုင်ဆိုင်ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးကိုသာ အဓိကထားသုံးစွဲကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် Orredo ဖုန်းလိုင်းတစ်မျိုးသာအသုံးပြု၍ရပါသည်။

၇။ ပညာရေး

ကျေးရွာတွင် မူလတန်း(လွန်)ကျောင်းရှိပါသည်။ လက်ရှိကျောင်းပညာသင်ကြားသူစုစုပေါင်း (၂၇)ဦး ရှိပါသည်။ ကျေးရွာအတွင်းမှ အလယ်တန်းနှင့် အထက်တန်းပညာသင်ကြားနေသူ(၁၄)ဦးရှိပြီး ကျေးရွာနှင့် (၅/၀)မိုင်ခန့်ကွာဝေးသော ပန်ကောက်ကျေးရွာနှင့် ဟိုပန်မြို့တို့တွင် သွားရောက်ပညာသင်ကြားလျက်ရှိပါသည်။

လက်ရှိတွင် ကျေးရွာရှိ လူဦးရေ၏ (၄၃%) သည် စာမတက်ပါ။ အများစုသည် သက်ကြီးရွယ်အိုများနှင့် အသက် (၁၈) နှစ်မှ (၆၄) နှစ်ကြားအရွယ်များလည်းဖြစ်ပါသည်။ ကျေးရွာတွင် တက္ကသိုလ်နှင့် ဘွဲ့ရများမရှိသောကြောင့် ပညာရေးအခြေအနေအားနည်းလျက်ရှိပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာနှင့် (၅/၀)မိုင်ခန့်ကွာဝေးသော ပန်ကောက် ကျေးရွာ ဆေးပေးခန်းတွင် ကုသမှုခံယူပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုအနည်းယ်ရှိပြီး သွေးတိုးဖြစ်ပွားမှု အနည်းအကျဉ်းရှိပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စွန့်ပစ်ပစ္စည်းများအား မိမိတို့အစီအစဉ်ဖြင့်သာ မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာအပြင် နီးစပ်ရာတောများတွင် သွားရောက်စွန့်ပစ်ခြင်းများ ပြုလုပ်ကြပြီး၊ ယခုအခါ ကျေးရွာရပ်မိရပ်ဖများအနေဖြင့်

အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်ကာစနစ်တကျစွန့်ပစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာ၏ စီမံအုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးပါဝင်မှုအားနည်းလျက်ရှိပါသည်။ သို့သော် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်းရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် သင်္ကြန်ပွဲ၊ ကထိန်ပွဲ၊ သီတင်းကျွတ်ပွဲတော်နှင့် ဘာသာရေးဆိုင်ရာပွဲတော်များကျင်းပပြုလုပ်ကြပါသည်။ ကျေးရွာတွင်းရှိ သက်ကြီးရွယ်အိုများနှင့် လူငယ်လူရွယ်များသည် ဖွံ့ဖြိုးရေး၊ ဘာသာရေး၊ ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ယာဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်းဖြစ်ပွားမှုများ မတွေ့ရှိရပေ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၁	Â				
၂	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၂		Â			
၃	စိမ့်စမ်းရေသွယ်ယူခြင်း(ပြင်/ထိန်း)	၃		Â	Â		
၄	ကျောင်းဆောင်သစ်တည်ဆောက်ခြင်း	၄				Â	
၅	ကျေးလက်လမ်းအဆင့်မြှင့်တင်ခြင်း (သီးနှံထုတ်ကုန်လမ်း	၅					Â

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ဖာလင်
ကျေးရွာအုပ်စု	- ခြူးရွှေ
မြို့နယ်	- ဟိုပန်မြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်မြောက်ပိုင်း
စီမံချက်အမည် - ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ - ကျေးရွာတွင်းလမ်းသည် မိုးတွင်းနှင့်မိုးများသည့်အချိန်များတွင် ကျေးရွာနေပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ သွားလာရန် ရှုံ့အိုင်များ၊ ပွတ်ထခြင်းများဖြစ်ပေါ်ကာ သွားလာရေးခက်ခဲပါသည်။	
စီမံချက်၏ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) မြေသားလမ်းမှ ကွန်ကရစ်လမ်းအဆင့်ဖြစ်လာစေရန် ဆန္ဒရှိပါသည်။ ကျေးရွာသူ/သားများသွားလာရေး အဆင်ပြေလာစေမည်ဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) ကျေးရွာတွင်း ကွန်ကရစ်လမ်းပြီးစီးသွားပါ ကျေးရွာသူ/သားများ နေ့စဉ်သွားလာရေးပိုမိုအဆင်ပြေသွားမည်ဖြစ်ပြီး ကျေးရွာ၏ ဂုဏ်လည်းမြှင့်တင်ရာဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်) (၇၈၀'×၁၂'×၆") အရှည်×အကျယ်×ထု ရှိသော ကွန်ကရစ်လမ်းခင်းခြင်း	
ကုန်ကျစရိတ်ထည့်ဝင်မှု	

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀.၀၀(ငွေသား) • ၁.၃၁(ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၅၅	၁၄၅	**၃၀၀**	၅	၂၈	၂၆	၁	**၆၀**
အကျိုးခံစားမည့် ဦးရေ	၁၅၅	၁၄၅	**၃၀၀**	၅	၂၈	၂၆	၁	**၆၀**
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်ထည်ဖော်မည့်အဖွဲ့အစည်း(များ) ကျေးရွာအုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၁၄.၃.၂၀၂၀
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၁၅.၆.၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် -ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းပါက ကျေးရွာမှငွေအား/လူအားများဖြင့် ပူးပေါင်းဆောင်ရွက် သွားမည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ စည်းရုံးသွားမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ -ကျေးရွာတွင်းလမ်းပျက်စီးမှုရှိလာပါက ကျေးရွာမှစုပေါင်းပြုပြင်ထိန်းသိမ်းသွားမည်။

နောက်ဆက်တွဲ (၁)

ခြုံရွေကျေးရွာ ၊ ဖာလင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်
၁	ဦးညီကား		၁၃/ဟပတ(နိုင်)၀၂၉၁၅၇		ဥက္ကဋ္ဌ
၂	ဦးငိုမိန်း		၁၃/ဟပတ(နိုင်)		အတွင်းရေးမှူး
၃	ဦးအိုက်ကပ်		၁၃/ဟပတ(နိုင်)၀၀၉၂၈၇		စာရင်းကိုင်
၄	ဒေါ်အီမွတ်		၁၃/ဟပတ(နိုင်)၀၁၈၆၅၄		ဘဏ္ဍာရေးမှူး
၅	ဦးညီဆွေ		၁၃/ဟပတ(နိုင်)		သေ့ကိုင်(၁)
၆	ဦးငိုနပ်		၁၃/ဟပတ(နိုင်)၀၂၄၉၂၆		သေ့ကိုင်(၂)
၇	ဒေါ်အီးခွက်		၁၃/ဟပတ(နိုင်)		အဖွဲ့ဝင်

နောက်ဆက်တွဲ(၂)

ရွှေဝါကျေးရွာအုပ်စု၊ ရွှေဝါကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁)ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က)လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၆	၉
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၉	၉	၁၈
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၁	၁၄	၂၅
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၇	၁၉	၃၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၈	၉၅	၂၀၃
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၇	၂	၉
စုစုပေါင်း		**၁၅၅**	**၁၄၅**	**၃၀၀**
စုစုပေါင်း အိမ်ထောင်စု		**၆၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ အသက်အုပ်စု ၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁ နှစ်မှ ၄ နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ် မှ ၉နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅)နှစ် မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီး သည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ်စုစုပေါင်း (၉)ဦး (၃%)၊ (၅) နှစ်အောက် ကလေးငယ် (၁၈) ဦး (၆%)၊ မူလတန်းကျောင်းသားအရွယ်(၂၅)ဦး (၈.၃၃%)၊ အလယ်တန်းကျောင်းသား အရွယ် (၃၆) ဦး (၁၂%)၊ သက်ကြီးရွယ်အို (၉) ဦး (၃%)ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေသည် (၂၀၃) ဦး (၆၇.၆၇%) ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူများပြားပါသည်။ ထို့အပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၃.၃၄%)များကြောင်းစိစစ်တွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူအင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ် ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၇	၁၆၇	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၃	၈	၁၀	မြင့် □လတ် □နိမ့်☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် □ လတ် ☑ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂	မြင့် □ လတ် ☑နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား /	၀	၀	၀	မြင့် □လတ် □နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ် ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၈	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် ☐လတ် ☐နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၈	မြင့်☐လတ် ☑နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ်☐နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား /	၀	၀	၃	မြင့် ☐လတ် ☑နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ် ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား /	၀	၀	၀	မြင့် □လတ်□နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ် ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ် □နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □နိမ့် □
	စုစုပေါင်း	၆၀	၁၇၅	၁ ၆	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အိမ်ထောင်စု(၆၀)အနက် (၅၇)အိမ်ထောင်စုသာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပြီး (၃)အိမ်ထောင်စုမှာနေ့စားအနေဖြင့်သာလုပ်ကိုင်ကြပါသည်။ ထို့အပြင်ကိုယ်ပိုင်စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စုများအနက် အချို့အိမ်ထောင်စုများမှ မိသားစုဝင်များမှာ အခြား လုပ်ငန်းများအဖြစ် တရုတ်ပြည်သို့ ဆောက်လုပ်ရေးကုမ္ပဏီတွင်လည်းကောင်း၊ ပန်းရံလုပ်ငန်းတွင်လည်း

ကောင်း၊ ကြက်/ငါးမွေးမြူရေးခြံတွင်လည်းကောင်း လုပ်ကိုင်ကြပြီး အချို့သောအိမ်ထောင်စုများမှာ မိမိ ရွာတွင်သာ နေ့စားအဖြစ်လုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၁၀၀၀၀	၈၀၀၀	၈၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေးအတွက် လုပ်သားငှါးရမ်းရာတွင် အခကြေးငွေကို ကျား/မတန်းတူခံစားစေပါသည်။ ကျား/မတန်းတူအခွင့်အရေးပေးထားကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၅၆.၅	ကောင်း☑	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၀၈.၅	ကောင်း ☑	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၈.၀	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၀.၀	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	၀.၀	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၀.၀	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	၀.၅	ကောင်း ☐	သင့်☐	ညံ့ ☑
စုစုပေါင်း	၁၇၃.၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)

မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေများရှိသော်လည်း အိမ်ထောင်စုအလိုက်ပြန်ကြည့်မည်ဆိုပါက စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်းပါသည်။ အဓိကအားဖြင့် စပါးနှင့် ပြောင်းကိုသာစိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ☐ သင့်☑ နည်း ☐ မရှိ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့်☑ နည်း ☐ မရှိ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☐ မရှိ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သတ္တုတွင်းနှင့် ကျောက်တောင်ရှိပြီး သတ္တုတွင်းမှာ လက်ရှိအသုံးပြု၍ရသော်လည်း ကျောက်တောင်မှာမူအသုံးပြုရန်ခက်ခဲပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧကမှ ၁၂.၅ ဧကကြား	၂.၅ ဧကမှ ၅ ဧကကြား	၂.၅ ဧကအောက်	-
အိမ်အခြေအနေ	တိုက်အိမ်	ပျဉ်ထောင်သွပ်မိုး	ပျဉ်ထောင်သွပ်မိုး	-
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေးလုပ်ငန်း	စိုက်ပျိုးရေး၊ အိမ်ဆိုင်	စိုက်ပျိုရေး၊ နေ့စား	စိုက်ပျိုးရေး၊ နေ့စား	နေ့စား

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်ထောင်စု	၅	၂၈	၂၆	၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု (၆၀)ရှိသည့်အနက် စိုက်ပျိုးလယ်ယာမပိုင်သော အိမ်ထောင်စုမှာ (၁)စုသာရှိပြီး ကျန်(၅၉) အိမ်ထောင်စုမှာ စိုက်ပျိုးမြေအနည်းအကျဉ်းပိုင်ဆိုင်ထားပါသည်။ စိုက်ပျိုမြေပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စု(၁)စုမှာ နေ့စားအလုပ်ကိုလုပ်ကိုင်သော်လည်း ၎င်းမိသားစုဝင်ဖြစ်သည့် သား(၁)ဦးမှာ ပြည်ပနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ကြောင်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများမရှိပါ။ မသန်စွမ်းသူများလည်းမရှိပါ။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများရှိသော်လည်း ၎င်းတို့တွင်ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများရှိပါသည်။ စီးပွားရေးအခက်အခဲကြောင့် အခြားနေရာဒေသသို့ အိမ်ထောင်စုအလိုက် ရွှေ့ပြောင်းနေထိုင်သူများလည်းမရှိပါ။ သို့သော်အချို့သော အိမ်ထောင်စုများတွင် တစ်အိမ်တွင် (၁)ယောက် (၂)ယောက်နှုန်းဖြင့် အခြားနေရာဒေသသို့အလုပ်သွားရောက်လုပ်ကိုင်ကြကြောင်းတွေ့ရှိပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။မရှိပါ။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☑
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁ ☐ ၂ ☐ ၃ ☐			၇	ပညာရေး ☐ ဌေးကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ရပ်မိ/ရပ်ဖ	၁ ☑ ၂ ☐ ၃ ☐	၅	၂	၇	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ ဖြိုးရေး ☑ လုံခြုံရေးနှင့်	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						ကာကွယ်ရေး ☐	
၃	မိခင်နှင့်ကလေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	-	၂	၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ကျေးရွာမြစိမ်းရောင်ကော်မတီအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၄	၃	၇	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ကျန်းမာရေးစေတနာဝန်ထမ်းများအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	-	၂	၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၆	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၈	၃	၁၁	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ ၂စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လူငယ်များနည်းပါးသည့်အတွက် အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် လူငယ်များပါဝင်မှုနည်းပါးကြပါသည်။ ထို့ကြောင့်ရွာတွင်းအဖွဲ့အစည်းများဖွဲ့စည်းရာတွင် လူကြီးပိုင်းများသာ ပါဝင်ပြီးအလုပ်လုပ်ကိုင်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	NGO	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ

(ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည် ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စီမံကိန်းနှင့် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို လည်းရရှိထားခဲ့ပါသည်။ ထပ်မံ၍ ၂၀၁၂-၂၀၁၃ ခုဘဏ္ဍာရေးနှစ်တွင်လည်း ဌာနမှ ဆောင်ရွက်ပေးထားသော ရေပေးရေးလုပ်ငန်းများလည်း ရရှိထားပါသည်။ NGO အဖွဲ့အစည်းမှာ (၃)လ(၁)ကြိမ်ခန့် ဝမ်းပျက်ဝမ်းလျှောအတွက် ဆေးဝါးများ တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် ဆပ်ပြာ၊ သွားတိုက်ဆေးများ လာရောက်ထောက်ပံ့ပေးပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၆	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၈	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၅	တောင်သူလတ်
၅	၁၂.၅ဧကအထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၆၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုမရှိသောအိမ်ထောင်စုမှာ (၁)စုသာလျှင်ရှိပါသည်။ အချို့သော အိမ်ထောင်စုများမှာ မိမိ၏ ကိုယ်ပိုင်လယ်ယာမှာရှိသော်လည်း အခြားသူများထံသို့ နေ့စားအဖြစ် ဝင်ရောက်လုပ်ကိုင်ကြသောသူများလည်းရှိကြောင်းတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသော	ရေရရှိနိုင်မှု

		က်(ဧက)	**တစ်နှစ်ပတ်လုံး/ ရာသီအလိုက်**(မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၅၅.၀၀	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)

ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးအတွက် အနီးအနားရှိ လှိုအတွင်းမှ ရေကိုသာအသုံးပြုကြပါသည်။

မိုရာသီတွင် ရေအနည်းငယ်ကြီးသော်လည်း တစ်နှစ်ပတ်လုံးအတွက်တော့ ရေလုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့်ကာလ		သွင်းအားစုလို အပ်ချက် (မှန်ရာတစ်ခု ကိုသာရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ် ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၂၅	တင်း	၁၀	၂၀	၁၅	၆	၁၀	မြင့် ☐ လတ်☑ နိမ့် ☐	မြင့် ☐ လတ် ☑ နိမ့် ☐
ပြောင်း	၃၅	အိတ်	၆	၃၅	၁၀	၆	၁၀	မြင့် ☐ လတ် ☑ နိမ့် ☐	မြင့် ☐ လတ် ☑ နိမ့် ☐
								မြင့် ☐ လတ်☐ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☐
								မြင့် ☐ လတ်☐ နိမ့် ☐	မြင့် ☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။အဓိကသီးနှံအဖြစ် စပါး၊ ပြောင်း သီးနှံများစိုက်ပျိုးကြသည်။ ယခုအခါတွင် စပါးစိုက်စရိတ်မြင့်မားလာသဖြင့် စိုက်ပျိုးမှုလျော့နည်းလာပါသည်။ တရုတ်ပြည်၏ ဝယ်လိုအားကိုကြည့်၍ သီးနှံများဝယ်ယူစိုက်ပျိုးလုပ်ကိုင်နေကြရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၁	၀	၀	၀
အစေ့ချကိရိယာ	၁	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၆	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စု(၆၀)ရှိသည့်အနက် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်သော အိမ်ထောင်စုမှာ (၆)စုသာရှိပြီး ကျန်အိမ်ထောင်စုများမှာ စိုက်ပျိုးရေးသုံးကိရိယာအဖြစ် ကျွဲ/နွားများကိုသာ အသုံးပြုကြပါသည်။ အချို့သော အိမ်ထောင်စုများမှာ ထွန်စက်များကို ဆီထည့်ပေးခြင်းနည်းဖြင့် ငှါးရမ်းသုံးစွဲကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေးအရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☐ မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ယခုနှစ်ပိုင်းအခြားအတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်လိုသည့် တောင်သူနည်းပါးလာပြီး စိုက်ပျိုးစရိတ်မြင့်မားခြင်းများ အခက်အခဲရှိလာပါသည်။ အခြားလိုအပ်သည့် သွင်းအားစုများအား ဟိုပန်မြို့မဈေးနှင့် အခြားကုန်စုံဆိုင်ကြီးများမှ ဝယ်ယူနိုင်သည်။ သီးနှံများအား တရုတ်ပြည်သားများ၏ ဈေးနှုန်းကစားခြင်းရှိသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)**
	မဖြေဆိုပါ ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☑ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။တောင်တန်းများ ဝန်းရံထားသော ဒေသဖြစ်သဖြင့် စိုက်ပျိုးမြေနေရာတိုးချဲ့ခြင်း ဆောင်ရွက်ရန်မရနိုင်ပါ။ ယခင်ဘိုးဘေးများဆောင်ရွက်ထားရှိသော လယ်ယာမြေများမပျောက်ပျက်အောင် သာအဓိကထိန်းသိမ်းရန်လိုအပ်သည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၃	၂၂
နို့စားနွား	၀	၀
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀
သိုး	၀	၀
ဝက်	၃၅	၇၃
ကြက်	၅၅	၁၅၀

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဘဲ	၀	၀
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်ကြခြင်းမရှိဘဲ မိမိအိမ်အတွက် စားသုံးရန်အတွက်သာ မွေးမြူထားကြောင်း တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

